# အသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး အသီးသီးတွင် နေ့စဉ် ယာဉ်မှန်/မမှန် စစ်ဆေးဆောင်ရွက်ပေးသည့် ယာဉ်စီးရေ များပြားလျက် ရှိသဖြင့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ယာဉ်စစ်ရက်ချိန်းရယူခြင်းအား **www.rtad.gov.mm** Website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို (၂၀.၈.၂၀၁၈) ရက် (တနင်္လာ) နေ့မှ စတင်ဆောင်ရွက်ပေးလျက် ရှိပါသည်။

၂။ ကြိုတင်စာရင်းသွင်းသည့်စနစ် စတင်သည့်အချိန်မှစ၍ ပြည်သူများ အဆင်ပြေစွာ လုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် (၁၃.၉.၂၀၁၈) ရက်နေ့တွင် Web Server Upgrade ပြုလုပ် ရာမှ နည်းပညာဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူများ ရက်ချိန်းရယူရာတွင် အဆင် မပြေဖြစ်ခဲ့ရသည်ဟု သိရှိရပါသည်။ ဌာနအနေဖြင့် စနစ်ချို့ယွင်းမှုများကို အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းခဲ့ရာ (၁၇.၉.၂၀၁၈)ရက်နေ့၊ ညနေပိုင်းတွင် ပြန်လည်ကောင်းမွန်သွားပြီဖြစ်ပါသည်။

၃။ ထို့ပြင် ယာဉ်မှန်/မမှန် ယာဉ်စစ်ရက်ချိန်းရယူသူများ အဆင်ပြေချောမွေ့စေရန်အတွက် မူလ သတ်မှတ်ထားသည့် ယာဉ်စီးရေအပြင် ရုံးတစ်ရုံးစီတွင် တစ်ရက်လျှင် (၁၀)စီးစီ ထပ်မံတိုးမြှင့် ဆောင်ရွက်ပေးလျက် ရှိပါသည်။ သို့သော် ယာဉ်စစ် ရက်ချိန်းရယူထားသည့် ယာဉ်စီးရေ၏ ၆၀% ခန့်သာ အမှန်တကယ် လုပ်ငန်းလာရောက်ဆောင်ရွက်ပြီး ကျန် ၄၀% ဝန်းကျင်မှာ လာရောက် ဆောင်ရွက်ခြင်းမရှိဘဲ Booking ရယူထားလေ့ရှိကြောင်း တွေ့ရှိရပါသည်။ မလိုအပ်ဘဲ တင်သည့် Booking များကြောင့် အမှန်တကယ် လုပ်ငန်းဆောင်ရွက်လိုသော ယာဉ်များအတွက် Booking အခက်အခဲများ၊ အဆင်မပြေမှုများ ကြုံတွေ့နေရခြင်းဖြစ်ရာ အမှန်တကယ်လာရောက် ဆောင်ရွက် ခြင်းမပြုဘဲ ကြိုတင်ရက်ချိန်းရယူခြင်း မပြုကြပါရန် (၁၁.၉.၂၀၁၈) ရက်နေ့တွင် အသိပေးနှိုးဆော် ထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်သူပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ဌာနအနေ ဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် အမှန်တကယ် လိုအပ်မှသာ Booking တင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။